## တပတ်အတွင်း သာရေးသတင်းများ

(၂၀.၅.၂၀၂၁)

- CDF(ဟားခါး)နှင့် စစ်ကောင်စီကြားတိုက်ပွဲများတွင် အကြမ်းဖက် ၇ဦးသေဆုံး၊ အနည်းဆုံး ၁၉ဦး ဒဏ်ရာရ
- CDF-မင်းတပ်နှင့်တိုက်ပွဲ၌ စစ်တပ်မှ ၃ဦးသေ
- နဘ၈၊ လေရှိးတွင် အကြမ်းဖက်စစ်ကောင်စီစခန်း ၁ ခု တိုက်ခိုက်ခံရ၊ ဗိုလ်ကြီး ၁ဦး အပါအဝင် ၄ ဦးသေ
- တောင်ဒဂုံရဲစခန်းအနီး ဗုံးပေါက် ရဲ ၁ ဦးသေ
- တောင်ကြီးဗုံးပေါက်ကွဲမှု ရဲ ၁ ဦးသေ

(၂၁.၅.၂၀၂၁)

- ချင်းပြည်နယ်၊ ဖလမ်း CNDF နဲ့ တိုက်ပွဲမှာ စကစ ဗိုလ်ကြီးအပါ၊ ၆ ဦးသေ
- စမ်းချောင်းမြို့နယ်တွင် ဗုံးပေါက်ကွဲမှုကြောင့် စစ်သားနဲ့ရဲ ၂ ဦးသေ
- ရှမ်းမြောက်၊ နမ့်ဆန်မြို့မှာ ဗုံး ၂ လုံးပေါက်ကွဲခဲ့ပြီး မြို့နယ်ရဲမှူးအပါဝင် ၄ ဦးသေဆုံး

(၂၂.၅.၂၀၂၁)

- ရန်ကုန်၊ သုဝဏ္ဏအထက်တန်းကျောင်းရှေ့ ပစ်ခတ်မှုဖြစ်၊ စစ်ကောင်စီတပ်သား ၁ ဦးသေဆုံး
- မင်းတပ် CDF နဲ့တိုက်ပွဲ စကစ ၁ ဦးသေ၊ စစ်ရှောင်စခန်းလာတိုက် စကစ ၅ ဦးသေ
- ဖာပွန်ခရိုင်အတွင်း KNUနဲ့တိုက်ခိုက်မှုတွင် စကစ ၃ ဦးသေ
- စစ်ကောင်စီက ခန့်ထားတဲ့ စစ်ကိုင်းတိုင်း ကလေးမြို့နယ် ရာဇဝတ်ကြိုဟ်ရွာ အုပ်ချုပ်ရေးမှူး အသတ်ခံရ
- ညောင်လေးပင်မြို့အနီး စမ်းကလေးကျေးရွာ အုပ်ကြီးအိမ် ဗုံးပေါက်ကွဲ ရာအိမ်မှူး ၁ ဦးသေ ၅ ဦးဒဏ်ရာရ

(၂၃.၅.၂၀၂၁)

- ရှမ်းတောင်၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲရဲစခန်းကို PDF သိမ်းပိုက်၊ စကစတပ်ဘက်က ၂၀ ဝန်းကျင်သေ၊ ၄ ဦးအရှင်ဖမ်းခံရ၊ ဖယ်ခုံမှာစုစုပေါင်း စကစ၄၀ခန့်သေ
- မိုးကုတ်ဗုံးကွဲမှု စကစတပ် ၁ ဦးသေ၊ ၁ ဦးဒဏ်ရာရ
- စစ်ကိုင်း၊ ဟုမ္မလင်း ကက်သာရဲကင်း တိုက်ခိုက်ခံရ၊ ရဲ ၁ ဦးသေ
- စစ်ကိုင်း၊ တန့်ဆည်မှာ ဒလန် ၁ ဦးပစ်သတ်ခံရ
- ကယား၊ ဒီမော့ဆိုတိုက်ပွဲ စကစ ၂၆ ဦးကျော်သေ

(၂၄.၅.၂၀၂၁)

- စစ်ကိုင်း အမှတ် ၁၆ လုံခြုံရေးရဲတပ်ရင်းတွင် ရဲတပ်သား ၁ ဦးက ဒုရဲမှူးကို ပစ်သတ်

(၂၅.၅.၂၀၂၁)

- ကယား၊ ဒီးမော့ဆိုတိုက်ပွဲ စကစ ၁၀ ဦးထက်မနည်းသေ၊ သံချပ်ကာကား ၂စီးပျက်စီး
- ဖာပွန် KNLAနဲ့တိုက်ပွဲမှာ BGF စစ်ကြောင်းမှူး ၁ ဦးသေ

(၂၆.၅.၂၀၂၁)

- စစ်ကိုင်း၊ ကလေးမြို့နယ်၊ တင်သားကျေးရွာတွင် ပေါက်ကွဲမှုဖြစ်ပြီး ဒလန် ၁ ဦးသေဆုံး

> “သာရေးသတင်းများ များသထက်များလာပါပြီ။ CCTV ပိုင်ရှင်များအနေနဲ့ တနေ့တခါ CCTV မှတ်တမ်းများကို ပုံမှန်ဖျက်ပါ။ CCTV မှတ်တမ်းများကို မဖြန့်ပါနဲ့။ ပြည်သူအချင်းချင်း ကူညီကြရင်း သာရေးသတင်းများ ဆက်လက်တိုးပွားပါစေ။”



# မိုလိုတော့


အတွဲ-၁ ၊ အမှတ်-၉ ၊ မေ ၊ ၂၀၂၁

၁။ လူထုလှုပ်ရှားမှုများနှင့် အဆက်မပြတ်စေရန် ၂။ လှုပ်ရှားမှုနည်းနာများကို မျှဝေနိုင်ရန် Molotov.to.Read




“မြို့ပြဟာ စစ်ရေးကိုရှေးရှု၊ CDM ကို ထောက်ပံ့၊ လမ်းပေါ်လှုပ်ရှားမှုတွေကိုသယ်ဆောင်ပြီး နွေဦးတော်လှန်ရေးရဲ့အရှိန်ကို နေ့စဉ် မြှင့်တင်နေရပါလိမ့်မယ်။”

# မြေသားဆာလောင်နေတဲ့လူ



ယောဂီသစ်

မိုးတိမ်နဲ့ဝေးသွားတဲ့
အိမ်ခေါင်နိမ့်နိမ့်လေးတွေပေါ်မှာ
ဘယ်တော့များမှ
ငွေရည်ဖွဲ့စိုရွှဲမှာလဲ

သီးခဲ့ပွင့်ခဲ့လည်း
မဖူးနိုင် မပွင့်နိုင်တော့တဲ့
မြေသားအိုအိုကြီးတွေ

နောက်မျိုးဆက်လောက်ထိမှ
စားကျက်မြေမဖြစ်နိုင်တော့ရင်
ဘယ်လိုမြေသားပဲဖြစ်ဖြစ်
မြေလှန်ထွန်ယက်ပစ်ရမှာပဲ

တိမ်ဝင်လာတဲ့အမှောင်ဖျားရဲ့
အဝေးအမိုးစွန်းပေါ်က
အတောင်ပံတွေ။ ။

● ယောဂီသစ်







## ပြည်တွင်း သတင်းအတိုအထွာ

(၂၄.၅.၂၀၂၁)

- ■ အခြေခံပညာစာသင်ကျောင်းများ၌ ကျောင်းအပ်စတင်လက်ခံ၊ ကျောင်းသားအများစု ကျောင်း လာမအပ်
- ■ စစ်အုပ်စုပိုင် စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် သပိတ်မှောက်ကြရန် NUG နှိုးဆော်
- ■ ဒေါ်အောင်ဆန်းစုကြည်ကို ရုံးထုတ်စစ်ဆေး၊ ပြည်သူရှိနေသရွေ့ ပါတီရှိနေမည်ဟုပြော

(၂၅.၅.၂၀၂၁)

- ■ မင်းတပ်တိုက်ပွဲအတွင်း စစ်တပ်က ဓာတုလက်နက်သုံးဟု ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ပြော
- ■ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပြည်သူလူထုကိုကာကွယ်ရန် လူငယ်များ စစ်သင်တန်းဆင်း
- ■ ဖာပွန်ခရိုင်တွင် KNLA နှင့် BGF နယ်ခြားစောင့်တပ်တို့ တိုက်ပွဲဖြစ်
- ■ ချက်သမ္မတနိုင်ငံက NUG ကိုထောက်ခံ၊ တောင်ကိုရီးယား ထောက်ခံရန်လွှတ်တော်မှာတင်ပြ
- ■ ချင်းတွင်းမြစ်အတွင်း စကစ စစ်ကူနဲ့ ရိက္ခာတင်ရေယာဉ် ၅စီးကို စစ်ကိုင်းPDF တိုက်ခိုက်

(၂၆.၅.၂၀၂၁)

- ■ ကယားစစ်ရှောင်စခန်း ၄ ခုကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက အရေးပေါ်ကူညီ
- ■ ရှမ်း–ကယားနယ်စပ်ရှိ ထီးစဲခါးရွာ ရဲကင်းစခန်းကို KPDF နှင့် KNPP တို့ သိမ်းပိုက်
- ■ ထုတ်ချေးထားသည့် နိုင်ငံ့ဝန်ထမ်း ၂ လစာ ပြန်ဆပ်ရန် မလိုဟု NUG ပြော
- ■ မုန်တိုင်းအရှိန်ကြောင့် ရခိုင်စစ်ဘေးရှောင်စခန်းရှိ လူနေအိမ်ရာချိုပျက်စီး
- ■ စစ်တပ်၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ကလေးသူငယ် ၇၃ ဦး သေဆုံးဟု NUG ထုတ်ပြန်
- ■ စကစကို နိုင်ငံတကာခုံရုံးမှာတရားစွဲဖို့ ၇၀%ပြီးစီးပြီလို့ NUG ဒုဝန်ကြီးပြော
- ■ မိုးမောက်မှာ KIA/AA ပူးပေါင်းတပ်တွေနဲ့ စကစတိုက်ပွဲပြင်းထန်
- ■ ကယားမှာ ၅သောင်းကျော်၊ ကနီမှာ ၁သောင်းကျော်စစ်ရှောင်နေရ
- ■ NUGက PDFစစ်ဘက်ဆိုင်ရာကျင့်ဝတ်များထုတ်ပြန်




(၂၀.၅.၂၀၂၁)

- ရန်ကုန်စက်မှုဇုန်တွေမှာ စက်ရုံတွေ ဆက်တိုက်ပိတ်နေတာကြောင့် အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်၊ ကျူးကျော်ရပ်ကွက်တွေမှာ ပြောင်းရွှေ့နေထိုင်နေကြရ
- ကချင်စစ်ဘေးရှောင်များအတွက် NUG အစိုးရက ထောက်ပံ့ကူညီ
- သစ်တောသယံဇာတများ လေလံတင်ရောင်းချ ဝင်ငွေရှာရန် အကြမ်းဖက်စစ်ကောင်စီက စီစဉ်နေ
- KNU မှ လူငယ်များကို စစ်သင်တန်းပေးမှု စကစကန့်ကွက်စာပို့၊ KNU မှငြင်းဆို
- NUG မှ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ ကော်မရှင်ဖွဲ့စည်း
- ဗဟိုဘဏ် ဒေါ်လာသုံးသန်းထပ်မံထုတ်ရောင်း၊ ၂၈ ရက်အတွင်း ကျပ်၃၃သန်းထိထုတ်ရောင်း

(၂၁.၅.၂၀၂၁)

- နိုင်ငံပေါင်း ၂၀ က မြန်မာသံတမန် ၁၀၀ ခန့် ပြန်လာရန် စစ်ကောင်စီအမိန့်ထုတ်
- မီတာခများရအောင်ကောက်ရန် မအလညွှန်ကြား၊ ပြည်သူများက မီတာမဆောင်ဘူး ကမ်ပိန်းများလုပ်
- အန်အယ်လ်ဒီပါတီကို ဖျက်သိမ်းမည်ဟု အကြမ်းဖက်စစ်ကောင်စီခန့် ရွေးကော် ဥက္ကဌပြော
- ရိုဟင်ဂျာတွေနေရပ်ပြန်ခွင့်၊ နိုင်ငံသားဖြစ်ခွင့် NUG ဆောင်ရွက်မည်
- Non-CDM ဆရာ/မ တွေကိုထီရောင်းရန် စကစညွှန်ကြား

(၂၂.၅.၂၀၂၁)

- ချင်း/မင်းတပ်၊ ကန်ပက်လက်ရဲတပ်ဖွဲ့ဝင် ၁၂ ဦး CDM လုပ်ပြီး CDF နှင့်ပူးပေါင်း
- ခန္တီးရတနာ့မြေရှိ စကစခန်းများကို KIA သိမ်းပိုက်မီးရှို့ဖျက်ဆီး
- မင်းတပ်တွင် စစ်ဘေးရှောင်ဟန်ဆောင်၍ အနီးကပ်တိုက်ခိုက်သဖြင့် ပြည်သူ၁ ဦးကျ၊ ၉ ဦးဒဏ်ရာရ

(၂၃.၅.၂၀၂၁)


- CDM ဝန်ထမ်းတွေနဲ့ မိသားစုဝင်တွေကို မူဆယ်ပျူစောထီးအဖွဲ့ ခြိမ်းခြောက်
- သီပေါမြို့က စစ်ရှောင်ပြည်သူ ၃၅၀ ကျော် ရေ၊ မီး အခက်အခဲကြုံနေ
- စစ်အုပ်ချုပ်ရေး ကြေညာထားသည့် ရွှေပြည်သာမြို့နယ်တွင် လုယက်မှု ပိုများလာ
- CDM ဆရာ၊ ဆရာမ စုစုပေါင်း ၁၂၅,၀၀၀ တာဝန်ယာယီရပ်ဆိုင်းခံရဟု ဆရာဆရာမများအဖွဲ့ချုပ်ဆို





# အခံတွင်းခါးသီးတဲ့ နေ့ရက်တွေအကြောင်း

ဗိုလ်တာစ်



ရစ်ကြည့်လို့မရဘူး
ကျော်ကြည့်လို့မရဘူး

သင်္ဘောက နစ်မြုပ်နေဆဲ
နောက်ပြန်ဆုတ်လို့လည်းမရဘူး။
ပြီးပါပြီ။ ။

● ဗိုလ်တာစ်

# တောမခိုဘဲ တော်လှန်ရေးဘယ်လိုလုပ်နိုင်သလဲ?



-ရဲဘော်စံရှား-

ဒီကာလမှာ စစ်အာဏာရှင်ကိုတော်လှန်ဖို့ တောခိုသွားကြသူတွေ မနည်းမနောပါပဲ။ ဒါပေမယ့် တချို့မှာ ကျ သွားချင်ရက်နဲ့ မသွားနိုင်လို့ စိတ်ညစ်နေရတာတွေလည်းရှိပါတယ်။ အဆက်အသွယ်မရှိတာ၊ မိသားစုကို ငဲ့ညှာနေရတာ၊ ကျန်းမာရေးမကောင်းတာ စတဲ့စတဲ့ အကြောင်းပြချက်တွေကြောင့် စိတ်သွားတိုင်းကိုယ်မပါနိုင်ဖြစ်ရပါတယ်။

ဒီတော့ မေးစရာရှိပါတယ်။ တောထဲသွားလက်နက်ကိုင်မှ တော်လှန်ရေးလုပ်တာလား။ စစ်အာဏာရှင်ကို လက်နက်ကိုင် အကြမ်းဖက်တော်လှန်ရေးနဲ့သာ ဖြုတ်ချနိုင်တယ်။ ဒါပေမဲ့ အကြမ်းဖက်တော်လှန်ရေးတခုမှာ လက်နက်ကိုင်တပ်တခုတည်း လိုအပ်တာမဟုတ်ပါ။ မြို့ပြကွန်ရက်တွေလိုအပ်ပါတယ်။ စစ်အုပ်စုရဲ့အခြေကုပ်ဒေသဟာ မြို့ပြဖြစ်တယ်။ ဒီလို ရန်သူ့အခြေကုပ်ဒေသမှာ ကိုယ့်ရဲ့လျှို့ဝှက်တပ်သားတွေက ကွန်ရက်တခုလိုဖြန့်ကျက်နိုင်ပြီဆို တိုက်ပွဲအောင်ဖို့ ၅၀ ရာခိုင်နှုန်း သေချာနေပါပြီ။

ဒီလို မြေအောက်ကွန်ရက်တည်ဆောက်ဖို့အတွက် မြေအောက်တပ်သားတွေလိုပါတယ်။ (မြေအောက်တပ်သားဆိုတာ ကျင်းတူးပြီးလျှောက်သွားရတာမျိုး မဟုတ်ပါ–စကားချပ်) မြို့ပေါ်က မိမိတို့ဆိုင်ရာ အလုပ်ခွင်တွေ၊ အိမ်တွေ၊ ရပ်ကွက်တွေမှာ နေထိုင်ရင်း မြေအောက်တာဝန် ထမ်းဆောင်လို့ရပါတယ်။

မြေအောက်တပ်သားရဲ့ တာဝန်တွေကဘာတွေလဲ။ တဦးနဲ့တဦး သတင်းပို့ဆက်သွယ်ရေး၊ တော်လှန်ရေးကို လူထုက ပိုမိုထောက်ခံလာအောင် အနီးကပ်စည်းရုံးရေး၊ ရန်သူထိန်းချုပ်ထားတဲ့ သတင်းအရင်းမြစ်တွေကို ပြည်သူဆီရောက်အောင် ဖြန့်ပေးရေး၊ အခွဲ့ကနေတဆင့် မြို့ပြဒေသတခုလုံး တပြိုင်တည်း အုံကြွတော်လှန်နိုင်သည်အထိ စွမ်းဆောင်နိုင်ပါတယ်။ ဒီတော့ အကန့်အသတ်တွေကြောင့် လက်နက်ကိုင်တော်လှန်ရေးထဲမဝင် ရောက်နိုင်သူတွေအနေနဲ့ ကိုယ်တတ်စွမ်းတဲ့ဘက်ကနေ ပါဝင်နိုင်တာက မြို့ပြတော်လှန်ရေးကွန်ရက်ပါပဲ။ သစ်ပင်တပင်မှာ အရေးကြီးဆုံးအပိုင်းဆိုတာ မရှိပါဘူး။ အမြစ်တွေရှိမှ ရေစုပ်ယူနိုင်မှာဖြစ်ပြီး အရွက်တွေရှိမှ အစာချက်နိုင်မှာ ဖြစ်ပါတယ်။

တောမခိုပေမယ့် မြို့ပြမှာနေရင်း စစ်အာဏာရှင်ဖြုတ်ချရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြောင်း အသိပေးလိုက်ရပါတယ်။

● ရဲဘော်စံရှား

ဆောင်းပါး



# ကျွန်ခေတ်မှာ လူရာမဝင်ချင်နဲ့



ဇင်သော်မော်

နိုင်ငံရေးပါတီဆိုတာ ပြည်သူကို ဗဟိုပြုရတယ်။ ပြည်သူကို ဗဟိုမပြုတဲ့ နိုင်ငံရေးပါတီဟာ ကျဆုံးမှာပဲ။ ပြည်သူတရပ်လုံးက စစ်အာဏာရှင် စနစ်ဆိုးကို တဟုန်ထိုး အုံကြွဆန့်ကျင်နေချိန်မှာ ပြည်သူ့ရန်သူတွေနဲ့ လက်ဝါးချင်းရိုက်ဖို့ ကြံစည်နေတာကတော့ အင်မတန်ရှုံ့ဖို့ကောင်းပါတယ်။ ဒီအထဲမှာ ပဲခူးရေကြီးတုန်းက လူရောခွေးရော တဲခေါင်မိုးပေါ်ရောက်ခဲ့တာကို ငါ့ဟဲ့ခေါင်းဆောင် ထင်တလုံးရှိနေသူတွေ ပါဝင်နေတာကိုလည်း စက်ဆုပ်စဖွယ် မြင်တွေ့နေရတယ်။ ဒင်းတို့အကြံ လူထုက မသိဘဲနေမလား။

ပြည်သူက ရှင်ကြီး ဝမ်းထဲလည်း ဝင်ဖူးပြီ။ ရှင်ငယ့်ဝမ်းထဲလည်း ဝင်ဖူးပြီ။ စစ်အုပ်စု အကြောင်းကို နောကျေနေအောင်လည်း သိထားပြီးပြီ။ စစ်အုပ်စုပါးစပ်ဟလိုက်တာနဲ့ ဖင်အထိဖောက်မြင်ပြီးသားပါ။ စစ်ကောင်စီ ဘယ်လမ်းကိုသွားပြီး ဘယ်စခန်းကိုဆိုက်မယ်ဆိုတာ လူထုက ရှင်းရှင်းလင်းလင်းသိတယ်။ တကယ်တော့ မေလ ၂၁ ရက် ရွေးကောက်ပွဲကော်မရှင် အစည်းအဝေးဟာ အရေးမကြီးဘူး။ သေငယ်ဇောနဲ့ မျောနေတဲ့ စစ်ကောင်စီရဲ့ အမောဖောက်သံကို ကြားရမြင်ရရုံ သက်သက်ပဲ။ ဒါပေမဲ့ စစ်အုပ်စုက လူခေါ်ပွဲလုပ်လိုက်တယ်။ ငါ့ဘက်မပါတဲ့ကောင် အကုန်ညောင်းကြဆိုတဲ့ သဘောပါ။

ဒီကနေ့ နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှာ စစ်ကောင်စီ ရွေးကောက်ပွဲကော်မရှင်နဲ့ နိုင်ငံရေးပါတီ ၆၂ ပါတီ တွေ့ဆုံ ဆွေးနွေးပါတယ်။ ဒီပွဲမှာ PR စနစ်ဆွေးနွေးမယ်လို့ အများကသိထားတယ်။ ဆွေးနွေးပါလိမ့်မယ်။ ဒါပေမဲ့ လက်တွေ့မှာ ဒီထက်ရေပန်းစားတဲ့ကိစ္စပေါ်လာတယ်။ အဲဒါက ဒီချုပ် ကို ဖျက်သိမ်းပစ်မယ် ဆိုတာပဲ။ မဖျက်သေးဘူး။ ဖျက်မယ်ပဲပြောတာပါ။ လူထုက ငြိမ်ခံနေရင် ဖျက်သိမ်းရေးလုပ် မှာ မုချပဲ။ လူထုက ငြိမ်မခံဘူးဆိုတာသိရင် သူတို့ နောက်ပြန်ဆုတ်မှာပဲ။ ကျွန်တော်တို့က ဒီချုပ်ကို ဝေဖန် နေတာတွေရှိပေမဲ့ ဘာကယ်တိုက်မယ်ဆိုရင်ပစ်မထားဘူး။ ကူတိုက်ပေးမှာပါ။ ဒီချုပ်ဘာလုပ်မလဲဆိုတဲ့ မေးခွန်းပေါ်လာတယ်။

ပုလင်းတူဗူးဆို့ ၆၂ ပါတီဟာ အာဏာရမက် ငမ်းငမ်းတက်နေတယ်။ အရိုးကို ချိုလိုက်တာ အောက်မေ့နေတယ်။ အဆိုးဆုံးက ကိုယ့်ကိုယ်ကိုယ် ၈ ပူးလို့ ကြွေးကြော်နေတဲ့ ဖွတ်ကျားတွေပဲ။ သူတို့မျက်စိရှေ့မှာတင် ဒီချုပ်ကြမ္မာ ဘယ်လို ကံဆိုးမိုးမှောင် ကျခဲ့သလဲဆိုတာကို မြင်ခဲ့တာပဲ။ ဘာတွေကို စိတ်ကူးယဉ်နေသေးတာလဲ။ စစ်အုပ်စုအောက် ဒူးကိုထောက်လည်း မကြောက်တတ်ပေ တို့တတွေသည် အိုးဝေကျေးဇူးပါတကား လုပ်ချင် ကြသေးတာကလား။ လက်နက်ချလို့ သစ္စာဖောက်လို့ ဒီမိုကရေစီရစတမ်းသာဆိုရင် ဘခက် သမ္မတဖြစ်တာ ကြာလှပါပြီ။

ရန်သူကျွေးတဲ့ အရိုးအရင်းကလေးကို မက်မနေကြပါနဲ့။ ကျွန်ခေတ်မှာ လူရာမဝင်ချင်ကြနဲ့။ လူထုနဲ့ လက်တွဲကြ။ ပြည်သူ့ပါတီ(People Party-PP)ကို ဆန့်ကျင်ကြ။ စစ်အာဏာရှင်စနစ်ကို ဆုံးခန်းတိုင်ထိ ဆက်တိုက်ကြ။

● ဇင်သော်မော်

ဆောင်းပါး

# နည်းလမ်းအသွယ်သွယ်နဲ့ ဆက်လက်တော်လှန်ကြစို့

-မောင်စိမ့်-



ဒီကနေ့ စစ်အာဏာရှင်ဆန့်ကျင်ရေးတိုက်ပွဲမှာ အကြမ်းဖက် ဖက်ဆစ်စစ်ခွေးများကို လက်နက်ကိုင်ပြီး ပြန်လည်တိုက်ခိုက် ခြေမှုန်းမှရတော့မယ်ဆိုတာကို ကလေး၊ လူကြီး၊ ဘိုးဘိုးဘွားဘွားကအစ သိရှိနားလည်နေကြပြီဖြစ်ပါတယ်။ ယခင်က လူနည်းစုသာလက်ခံတဲ့ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ဟာ ယခုမှာတော့ လူအများစုကပါ လက်ခံလာပြီး အဆုံးသတ်တိုက်ပွဲကို လက်နက်ကိုင်ဆင်နွှဲဖို့ အသင့်အနေအထားဖြစ်နေကြပါပြီ။

ဒီကာလမှာ စစ်ဖက်ဆိုင်ရာ လှုပ်ရှားမှုတွေပဲ လိုအပ်သလား၊ တခြားသော လမ်းပေါ် သပိတ်လှုပ်ရှားမှုတွေရော လိုအပ်သေးရဲ့လားဆိုတာကတော့ ပြောစရာဆိုစရာဖြစ်လာပါတယ်။ စစ်ရေးစစ်ရာ အားမကောင်းနိုင်သေးတဲ့ နေရာတွေမှာ (အထူးသဖြင့် မြို့ပြတွေမှာ) လမ်းပေါ်က သပိတ်စစ်ကြောင်းတွေအပြင် အခြားသော နည်းလမ်းအသွယ်သွယ် လှုပ်ရှားမှုတွေနဲ့အတူ ဆက်လက် တော်လှန်ပုန်ကန်နေဖို့ လိုအပ်နေပါသေးတယ်။

စစ်မျက်နှာဖွင့်ဖို့ရာ မြို့ပေါ်မှာ လုံလောက်တဲ့အားအင် မရှိသေးတဲ့ကာလမှာ လမ်းပေါ် လှုပ်ရှားမှုတွေ၊ သံပုံးတီးတာတွေအပြင် ဖေဖော်ဝါရီနဲ့ မတ်လတုန်းကလို သဏ္ဍာန်မျိုးစုံနဲ့ ပုံကန်ကြတဲ့ သပိတ်တွေ ဆက်လက်ပြုလုပ်နေဖို့ လိုပါတယ်။ ဒါမှသာ ရန်သူကို အလုပ်ရှုပ်စေမယ်။ မိမိလှုပ်ရှားမှုကြောင့် လူထုနဲ့ CDM တွေကို အားဖြစ်စေပါမယ်။ မြို့ပြဟာ စစ်ရေးကိုရှေးရှု၊ CDM ကို ထောက်ပံ့၊ လမ်းပေါ် လှုပ်ရှားမှုတွေကိုသယ်ဆောင်ပြီး နွေဦးတော်လှန်ရေးရဲ့အရှိန်ကို နေ့စဉ် မြှင့်တင်နေရပါလိမ့်မယ်။ စစ်မျက်နှာကို စောင့်မျှော်နေချိန် နေသာထိုင်သာရှိဖို့ စိတ်သက်ရာရဖို့တွေကလည်း အင်မတန်အရေးကြီးပါတယ်။

ကာလံဒေသံကိုလိုက်ပြီး လူထုလှုပ်ရှားမှုမျိုးစုံ လိုအပ်နေပါသေးတယ်။ စစ်မျက်နှာဖွင့်တဲ့အချိန်ကာလကို ပြင်ဆင်စုဆောင်း အားမွေးကြရင်း သပိတ်ပေါင်းစုံနဲ့ ပုန်ကန်နေကြရအောင်ပါ။


● မောင်စိမ့်





# အမိုင်းဝင် ထဘီတော်လှန်ရေး

- မေစစ်မုန်း -



နွေဦးတော်လှန်ရေးဟာ ထဘီတွေကို တန်းဝင်စေခဲ့တယ်။ အဲ့ဒီနေ့က ၂၀၂၁ မတ်လ(၈)ရက်နေ့ နိုင်ငံတကာအမျိုးသမီးများနေ့၊ ဟောင်းနွမ်းဆွေးမြေ့နေတဲ့ အတွေးအခေါ်တွေကို ရိုက်ချိုးခဲ့တဲ့နေ့၊ ထဘီကို အမြင့်ဆုံး တန်းပေါ်တင် အလံလွှင့်ထူခဲ့တဲ့မြန်မာ့နွေဦးတော်လှန်ရေးနေ့။

"ဘုရားလောင်းလည်း မိန်းမကမွေးတာပဲ၊ ဘိန်းစားလည်း မိန်းမကမွေးတာပဲ"လို့ သတင်းစာဆရာ၊ စာရေးဆရာမ ဒဂုန်ခင်ခင်လေးကထောက်ပြခဲ့တယ်။ မြင့်မြတ်တယ် နိမ့်ကျတယ်ဆိုတာ၊ ယောကျာ်း၊ မိန်းမဆိုတဲ့အပေါ် မမူတည်ဘဲ ကျင့်ကြံအားထုတ်မှုနဲ့၊ တိုးတတ်ခေတ်မီတဲ့ ကျင့်ဝတ်ခိုင်မြဲမှုကသာ အဓိကကျတယ်ဆိုတာကို ထောက်ပြခဲ့တာပါ။

အမျိုးသမီးတွေဟာ တိုင်းပြည်ရဲ့အရေးကြီးတဲ့ အချိုးအကွေ့တိုင်းမှာလည်း အင်အားအပြည့်နဲ့ ပါဝင်ခဲ့ကြပါတယ်။ အားနွဲ့တယ်၊ဆုံးဖြတ်ချက်မပြတ်သားဘူး၊ နှေးကွေးတယ်၊ သတ္တိမရှိဘူးဆိုတဲ့ ယူဆချက်တွေနဲ့ နောက်ကွယ်မှာအထားခံရတဲ့ အမျိုးသမီးတွေဟာ လိုအပ်လာရင် ရှေ့တန်းကနေ အားအင်အပြည့်နဲ့ အဲ့ဒီအတွေးအခေါ် ဟောင်းတွေကို စွန့်ဖို့စိန်ခေါ်လိုက်တဲ့ အနီးစပ်ဆုံး ဥပမာကတော့ နွေဦးတော်လှန်ရေးကာလ မတ်လ(၈)ရက်နေ့၊ တိုင်းသိပြည်သိ ကမ္ဘာတောင်သိတဲ့ ထဘီတွေ အလံလွှင့်ထူခဲ့တဲ့နေ့ပါ။

ထဘီကို အောင်လံထူလို့ ခေတ်နောက်ပြန်ဆွဲတဲ့ စစ်သားတွေကို အခက်တွေ့စေခဲ့တဲ့ သက်သေပါပဲ။ လူ့အသက်တွေကို စာနာတရားမဲ့ ရက်ရက်စက်စက်ပစ်သတ်၊ ရိုက်သတ်ရဲတဲ့ လူသတ်သမားတွေဟာ ခေါင်းပေါ်က ထဘီတွေကြောင့် တွန့်ဆုတ်တွေဝေပြီး အခက်တွေ့ခဲ့တယ်။ အဲ့ဒီအခြေအနေရဲ့ပြဆိုမှုဟာ ပဒေသရာဇ်အတွေးအခေါ် အတော်ခိုင်မာနေတဲ့ စစ်အာဏာရူးတွေရဲ့ အခြေအနေကို မြင်သာထင်သာရှိခဲ့တဲ့ အမျိုးသမီးတွေရဲ့ အစွမ်းပါပဲ။

ဒါကြောင့် စစ်အာဏာရှင်စနစ်ကိုတိုက်ဖျက်ရင်း ဟောင်းနွမ်းဆွေးမြေ့နေတဲ့ လူ့အသိုက်အဝန်းကို အမျိုးသမီးထုတွေရဲ့အားနဲ့ ဆေးကြောပစ်နိုင်တယ်ဆိုတာ ယုံကြည်ပါ။ ပုခက်လွှဲတဲ့လက်တွေနဲ့ လူ့ဘောင်အသစ်ကို တည်ဆောက်ကြစို့။ အဲ့ဒီလူ့ဘောင်အသစ်မှာ ထဘီဆိုတာ "အစတစ" ပါပဲလားလို့ မြင်တတ်တဲ့-တနည်းအားဖြင့် တန်းတူရေးအမြင်၊ ခွဲခြားမှုကင်းကင်းနဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် ရှေ့ဆက်ကြဖို့ ဆက်လက် လက်တွဲ တိုက်ပွဲဝင်ကြပါစို့။

● မေစစ်မုန်း

# တပ်ခရေးတပ်ရော မှတ်စုများ




မိုးလိုတောင် မိုးလိုတောင် မိုးလိုတောင် မိုးလိုတောင် မိုးလိုတောင် မိုးလိုတောင် မိုးလိုတောင်

ဒီတပတ်လည်း အခက်အခဲကြားထဲက လုပ်ရတာမို့ ရနိုင်သမျှ မှတ်စုထဲကပဲ ထုတ်နုတ်ဖော်ပြလိုက်ရပါတယ်။ နောက်အပတ်တွေမှာတော့ ကိုယ့်ဒေသ ရေမြေသဘာဝနဲ့ ကိုက်ညီတာတွေတင်ပြနိုင်အောင်ကြိုးစားပါ့မယ်။

အခုဖော်ပြမှာက ဂျပန်တော်လှန်ရေးကာလမတိုင်မီ "ရဲခေါင်ပြောက်ကျား"လို့အမည်ရတဲ့ ပဲခူးရိုးမမှာ သခင်ဗဟိန်းက ပြောက်ကျားသင်တန်းပေခဲ့တာ။ ဗမာ့တပ်မတော်မဟုတ်ဘူး။ "ရဲခေါင်ပြောက်ကျားအဖွဲ့"ပါ။

ပထမဆုံး 'ဖက်ဆစ်ဆန့်ကျင်ရေးနဲ့ တော်လှန်ရေးသဘောတရား'တွေကို တောင်ငူတခရိုင်လုံးကိုလှည့်လည် ဟောကြားခဲ့တယ်။ ဟောကြားရာမှာ အဓိကပြောလေ့ရှိတာက . . .

"တော်လှန်သော သဘောတရားသည် လူထုကိုချုပ်ကိုင်မိသည်နှင့် တော်လှန်သောအင်အားကြီးတရပ်ဖြစ်ပေါ်လာရမြဲဖြစ်တယ်။" ဆိုတဲ့အချက်ပါပဲ။ ပြီးမှ ပြည်သူ့စစ်သဘောတရားကို သခင်ဗဟိန်းက သင်ကြားပေးတာ။ အဲ့လိုသင်ကြားရာမှာ မြန်မာ့ရေမြေသဘာဝနဲ့ကိုက်ညီတဲ့ ပြောက်ကျားနည်းစနစ်တွေကို သူ့ခေတ်သူ့ကာလနဲ့ ညှိပြီး ဖော်ထုတ်ရေးသား သင်ပြခဲ့တာကို ဒီနေ့လူငယ်ပြောက်ကျားအဖွဲ့တွေအတွက် ရှာဖွေတင်ပြလိုက်ပါတယ်။

၁။ အင်အားကြီးသောရန်သူကို ချေမှုန်းရာတွင် ပြည်သူ့ပြောက်ကျားမပါလျှင် မပြီးနိုင်ချေ။
၂။ ပြောက်ကျားစစ်သည် လူထုများ၏ စစ်ဖြစ်သည်။
၃။ ပြည်သူ့ပြောက်ကျားစစ်ကိုဆင်နွှဲနိုင်ရန် မြန်မာနိုင်ငံတွင် ကျေးလက်ကိုအခြေခံရန်လိုသည်။
၄။ တိတိကျကျအားဖြင့် လယ်သမားထုနှင့် လူမျိုးစုများကို အခြေခံ၍ ဖော်ထုတ်ရန်လိုသည်။





အနီးနားက စစ်စခန်းတွေမှာရှိတဲ့ လူသူလက်နက်အင်အား၊ ရန်သူမှာရှိတဲ့ တိုက်ခိုက်ရေးယာဉ်တွေနဲ့ ပို့ဆောင်ရေးယာဉ်တွေရဲ့အမျိုးအစားနဲ့ အရေအတွက်တို့ကို သိထားရပါမယ်။

(ခ) မြေပုံ

ကိုယ့်နယ်မှာ စခန်းချတဲ့နေရာတွေ၊ ပတ်ကင်းလှည့်တဲ့ လမ်းကြောင်းတွေ၊ အခြားနေရာကလာတဲ့ လမ်းကြောင်းတွေ၊ အနီးနားက စစ်စခန်းတွေ၊ လှုပ်ရှားမယ့် ဝန်းကျင်တဝိုက်က လမ်းတံတားတွေ၊ အဆောက်အဦးတွေကို သိထားရပါမယ်။ နယ်မြေကျွမ်းကျင်လေ အားသာလေပါပဲ။ ဒီထဲကမှ ကိုယ်တိုက်ခိုက်မယ့် သတ်ကွင်းကို ရွေးချယ်ရမှာပါ။


(ဂ) သတ်ကွင်း

မြေပြင်အနေအထားနဲ့ လူသူလက်နက်ကိုသိရရင် သတ်ကွင်းရွေးလို့ရပါပြီ။ သတ်ကွင်းနေရာဟာ အများပြည်သူကို ထိခိုက်မှုမရှိစေရဘူး၊ အလစ်အငိုက် ဖမ်းနိုင်တဲ့နေရာဖြစ်ရမယ်၊ ရှောင်တိမ်းပုန်းခိုဖို့ လွယ်ရမယ်။

မြို့ပြမှာဆို လူနည်းပြီး ပုန်းလို့ကောင်း၊ ဖျောက်လို့ကောင်းတဲ့ လမ်းကြောင်းတွေက အဆင်ပြေပြီး ကျေးလက်မှာဆိုရင်တော့မြို့ရွာနဲ့လှမ်းတဲ့ နေရာက တံတားလို နေရာတွေ၊ လမ်းကျဉ်းတွေက ပြောက်ကျားတိုက်ခိုက်ရန် သင့်တော်ပါတယ်။

အပိုင်း (၂) မှာ ဆက်ပြောပါဦးမယ်။

● သခင်ဆက်



(က) ခေါင်းဆောင်ရွေးခြင်း

လစာမရဘဲ အသက်စွန့်လုပ်ရတဲ့ လုပ်ငန်းဖြစ်လို့ အချင်းချင်း အမိန့်ပေးမရတာမျိုး ရှိတတ်ပါတယ်။ ဒီပြဿနာကို ဖြေရှင်းဖို့က လူစုပြီးတာနဲ့ ခေါင်းဆောင်ရွေးဖို့ပါပဲ။ ဒီမိုကရေစီအတွက် တိုက်နေတာမို့ ဒီမိုကရေစီနည်းအရ မဲနဲ့ပဲ ခေါင်းဆောင်ရွေးသင့်ပါတယ်။ သင့်တော်မယ်ထင်တဲ့သူကို မဲထည့်ပြီး မဲအများဆုံးလူကို ခေါင်းဆောင်အဖြစ်ရွေးချယ်ပြီးတာနဲ့ အဖွဲ့ဝင်အားလုံးဟာ ခေါင်းဆောင်ရဲ့ ဆုံးဖြတ်ချက်နဲ့ ဗျူဟာကို လိုက်နာရပါမယ်။

ခေါင်းဆောင်ဖြစ်သင့်သူတစ်ယောက်ဟာ သမာသမတ်ကျပြီး အကျင့်စာရိတ္တကောင်းမွန်သူ၊ ဖြတ်ထိုးဉာဏ်ကောင်းပြီး ဗဟုသုတကြွယ်ဝသူ၊ အလုပ်တွင် လူအများနှင့် ဆက်ဆံဖူးသူ(သို့)အုပ်ချုပ်ဖူးသူ ဖြစ်ရပါမယ်။



(ခ) တာဝန်ခွဲခြင်း

ခေါင်းဆောင်ဖြစ်သူက အဖွဲ့ဝင်များ၏ ကြံ့ခိုင်မှုနှင့် ကျွမ်းကျင်မှုအပေါ် မူတည်၍ တာဝန်ခွဲပေးရမယ်။

အပင်ပန်းခံနိုင်ပြီး ကြံ့ခိုင်သောသူများကို တိုက်ခိုက်ရေး၊ လက်မှုပညာနှင့် နည်းပညာကျွမ်းသူများကို ပစ္စည်းထုတ်လုပ်ရေး၊ အဆက်အသွယ်ကောင်းသူများကို ရံပုံငွေရှာရေးစသဖြင့် ကျွမ်းကျင်ရာအလိုက် ခွဲဝေရမယ်။ လူတစ်ဦးချင်းရဲ့ ပေးနိုင်သောအချိန်နဲ့ လုပ်နိုင်စွမ်းကို မူတည်ပြီး လူတစ်ဦးလျှင် တာဝန်တစ်မျိုး ထက်ပိုပြီး လုပ်ဆောင်နိုင်ပါတယ်။

(၃) မြေပြင်အနေအထား

(က) ရန်သူ့အင်အား

ကိုယ့်နယ်မှာစခန်းချနေတဲ့ လူအရေအတွက်နဲ့ လက်နက်အင်အား၊ ပတ်ကင်းလှည့်တတ်တဲ့ လူအင်အား၊ အခြားနယ်တွေကို ဖိဖို့သွားရင် ကိုယ့်နယ်က ဖြတ်သွားတဲ့ လူသူလက်နက်အင်အား၊ ကိုယ့်နယ်နဲ့





၅။ ပြောက်ကျားစစ် တွဲဖက်မှုမရှိတဲ့ ဗမာ့တပ်မတော်က အောင်ပွဲမဆင်နိုင်။(ဒီအချက်က မြန်မာ့တော်လှန်ရေးသမိုင်းမှာ ရဲခေါင်ပြောက်ကျားဟာ ဗမာ့တပ်မတော်မဟုတ်တာကိုထောက်ပြနေတာ။ ဒါကြောင့် ဦးဝင်းတင်က "မြန်မာနိုင်ငံမှာ တပ်မတော်ကျေဇူး မူးလို့တောင်ရှူစရာမရှိဘူး"လို့ပြောတာ။ ဒီသမိုင်းကိုတော့ တချိန်ပြောဖို့ပြင်ထားတယ်။ 'စာရေးသူ')

၆။ ပြည်သူလူထုကို စစ်အမြင်အရ စည်းရုံးလေ့ကျင့် တိုက်ပွဲသွင်းရမည်။

၇။ ပြည်သူကို လက်နက်တပ်ဆင်ရဲရမည်။ (ရန်သူ့လက်နက် ကိုယ့်လက်နက်။ တိုက်ရဲသူ လက်နက်ကိုင်စေရမည်။)

၈။ တိုက်ပွဲအတွင်း တပ်ကို စည်းရုံးဖွဲ့စည်း။ (တပ်ခွဲစည်းရုံးနိုင်သူ ခွဲမှူးဖြစ်စေ။)

၉။ ပြည်သူလူထု၏ စွမ်းရည်ကို ချွန်းဖွင့်ပေးရမည်။

၁၀။ ဖက်ဆစ်ချေမှုန်းရေး ပြောက်ကျားစစ်ပွဲကို လူထုပွဲတော်အဖြစ်ဆင်နွှဲလျှင် မုချအောင်မည်။

အစရှိတဲ့အခြေခံအချက်တွေကို သင်ကြားဖော်ထုတ်ခဲ့တယ်။ ဒီနေ့လိုအပ်ချက်၊ အချိန်အခါ၊ ကာလဒေသနဲ့ညှိပြီး လုပ်ဆောင်နိုင်ကြပါရန်နဲ့ ဘယ်အရာမှ တရားသေမဟုတ်ကြောင်းသိရှိပြီး မှန်ကန်စွာဆုံး ဖြတ်နိုင်ကြပါစေ။

● ဘိုးဒေါင်း









• သခင်ဆက် •

နိဒါန်း

ဖက်ဆစ်စစ်တပ်က အာဏာသိမ်းတာ ရက်ပေါင်း (၁၁၀)ကျော်ပါပြီ။ စစ်ခွေးမျိုးမပြုတ်သေးသရွေ့၊ နေဝင်းစိုက်ခဲ့တဲ့ လက်နက်ကိုင်ပြီးအနိုင်ကျင့်တဲ့ဓလေ့ အမြစ်မကျွတ်သေးသရွေ့ သမိုင်းတကျော့ပြန်ပြီး အခုလို အနိုင်ကျင့်မှုမျိုးဟာ အနာဂတ်မှာလည်း ထပ်ကြုံလာရနိုင်တယ်ဆိုတာ အများသိပြီးဖြစ်ပါတယ်။ ဒီ Institution ကို အမြစ်ဖြတ်ပစ်ဖို့ ပြည်တွင်းစစ်ဟာ တောင်တန်း၊ ပြည်နယ်ဒေသတွေမှာသာမက တပြည်လုံးမှာ ဖြစ်ချိန်တန်ပြီဆိုတာကိုလည်း ပြည်သူတွေအနေနဲ့ လက်ခံပြီးဖြစ်ပါတယ်။

စစ်ခွေးတွေနဲ့ယှဉ်ရင် လူသူလက်နက်အင်အားမမျှတာကြောင့် ထိပ်တိုက်တိုက်ပွဲဖြစ်ဖို့ဆိုတာ မဖြစ်နိုင်မှန်းလည်း အားလုံးနားလည်ပြီးလောက်ပါပြီ။ ဒီဆောင်းပါးကို ရေးသားရခြင်းရည်ရွယ်ချက်မှာ လက်နက်ကိုင်တော်လှန်ရေးတွင် ပါဝင်လိုကြတဲ့ အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေနဲ့ စစ်ပညာသွားရောက်သင်ယူရန် အခက်အခဲရှိပါက အင်တာနက်ရစဉ်ကာလမှာ အင်တာနက်ပေါ်မှ လေ့လာပြီး ပြောက်ကျားစစ်ဆင်ရေး ဆင်နွှဲနိုင်ရန် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအနေအထား၊ ရရှိနိုင်တဲ့ ကုန်ကြမ်းများနဲ့ အောင်မြင်သော လူထုတိုက်ပွဲများမှ သင်ခန်းစာများကို အခြေခံကာ လုပ်ဆောင်နိုင်/သင့်တဲ့ ဗျူဟာများကို ရေးသားထားခြင်းဖြစ်ပါတယ်။ စာရေးသူရဲ့ အမြင်သာဖြစ်ပြီး မြေပြင်အနေအထားနဲ့ လူသူလက်နက်အပေါ် မူတည်ကာဉာဏ်ရှိသလို ပြောင်းလဲအသုံးချနိုင်ပါတယ်။

ဆောင်းပါး



(၁)လူစုဆောင်းခြင်း

တချို့နေရာတွေမှာ NUG နဲ့ ချိတ်ဆက်ပြီး PDF တွေဖွဲ့ပြီးနေပါပြီ။ တချို့နေရာတွေမှာတော့ အမတ်မင်းများ အကြောက်လွန်ပြီး အပုန်းလွန်နေတာကြောင့် မြေပြင်နဲ့ ချိတ်ဆက်မှုမရှိပါ။ ကိုယ်ထူကိုယ်ထ PDF ဖွဲ့ရာမှာ လူတိုင်းတိုက်ရဲခိုက်ရဲကြတာမဟုတ်တော့ လူစုမရဖြစ်တာ၊ ပြောက်ကျားတိုက်ပွဲဖြစ်တဲ့ အတွက် ဆန္ဒပြပွဲတွေလို လူအများပေါင်းစည်းပြီး ရတဲ့အင်အားလည်း မရှိသလို လူစုထားပြီးသည့်တိုင်အောင် လက်တွေ့လုပ်ဆောင်ဖို့ ခက်ခဲတာ၊ ဒလန်ပါလာမှာကြောက်လို့မစဖြစ်တာ၊ ဒလန်ပါလာလို့ အလုပ်မတွင်တာ စတဲ့ ပြဿနာတွေ ရှိတတ်ပါတယ်။ဒီတော့ ကိုယ့်ဒေသမှာ ပြောက်ကျားအဖွဲ့မရှိသေးရင်ဘယ်လိုလူတွေနဲ့ စုဖွဲ့ရမလဲ ဆိုတာ ကြည့်ရအောင် . . .




✔ ဆောင်ရန်လူများ

တက်ကြွဖျတ်လတ်သန်မာတဲ့သူ၊ မိသားစုနဲ့ အချုပ်အနှောင်အမှီအခိုကင်းတဲ့သူ (သို့) မိသားစု ကပါ စိတ်တူကိုယ်တူ တပါတည်းရှောင်နိုင်/ကူညီနိုင်သူ၊ လက်မှုပညာကျွမ်းကျင်သူ၊ ဖြတ်ထိုးဉာဏ်ကောင်းသူ၊ အကျင့်စာရိတ္တကောင်းသူ

✘ ရှောင်ရန်လူများ

ဒလန်ပါမှာစိုးရင် ယေဘုယျအားဖြင့် ဒီလိုလူတွေကို ရှောင်သင့်ပါတယ်။ မိသားစုထဲတွင် ကျော်စောဒလန်၊ စစ်သား၊ ရဲသား၊ စစ်နှင့်ရဲ မှုထမ်းဟောင်း၊ ကြံ့ဖွတ်အမာခံများ ရှိသူများ၊ မဘသများ၊ စစ်ပြုတ်/ရဲပြုတ်များ၊ ရပ်ကျေးဟောင်းများ (၂၀၁၅ မတိုင်ခင်ကာလ)၊ ကြံ့ဖွတ်ဟောင်းများ၊ တရားမဝင်အလုပ်လုပ်ကိုင်နေသူများ (မူးယစ်/လောင်းကစား စသည်)၊ သတင်းမှား မကြာခဏ ဖြန့်သူများ ကို ရှောင်ပါ။

ခြွင်းချက်တချို့တော့ ရှိပါတယ်။ (ဥပမာ–တပ်ကို စိတ်နာ၍ ထွက်လာသောသူများ၏ သားသမီးများ)

(၂) တာဝန်ခွဲဝေခြင်း

တာဝန်ခွဲဝေခြင်းမှာ ခေါင်းဆောင်ရွေးခြင်းနဲ့ ခေါင်းဆောင်မှ အဖွဲ့ဝင်များကို တာဝန်ပြန်ခွဲဝေပေးခြင်း ဆိုပြီး နှစ်မျိုးရှိပါမယ်။

ဆောင်းပါး